सत्यमेव जयते

**အိန္ဒိယနိုင်ငံသံရုံး**

**ရန်ကုန်မြို့**

**သတင်းထုတ်ပြန်ချက်**

**ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အောက်ရှိကျောင်း (၁၅) ကျောင်းအတွက် စာကြည့်တိုက်ပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ပညာရေးကဏ္ဍဆိုင်ရာအခြေခံအဆောက်အအုံများ ထူထောင်ရန်အတွက်စီမံကိန်းသဘောတူညီချက် လက်မှတ် ရေးထိုးခြင်း။**

အိန္ဒိယနိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် စီမံကိန်းသဘောတူညီချက်တစ်ရပ်ကို၂၀၂၀ ပြည့်နှစ်ဩဂုတ်လ (၃၁) ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ရာထိုသဘောတူညီချက်အရအိန္ဒိယနိုင်ငံသည်ရခိုင်ပြည်နယ်ရှိ ဂျပန်အပြည်ပြည် ဆိုင်ရာပူးပေါင်း ဆောင်ရွက် ရေး အေဂျင်စီမှဆောက်လုပ်ခဲ့သော ကျောင်း(၁၅)ကျောင်း အတွက်စာကြည့်တိုက် ဆိုင်ရာပစ္စည်းများ ထောက်ပံ့ မည်ဖြစ်ပြီး ပညာရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ ထူထောင်မည် ဖြစ်သည်။

ထိုစီမံကိန်းသဘောတူညီချက်လက်မှတ်ရေးထိုးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Shri Saurabh Kumar နှင့်အခြေခံ ပညာရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့ တက်ရောက်ခဲ့သည်။ အဆိုပါကျောင်းများသည်ရခိုင် ပြည်နယ်ရှိစစ်တွေ ၊မာန်အောင်၊ ပေါက်တော၊ မောင်တော နှင့်မြေပုံမြို့နယ်တို့တွင် တည်ရှိပါသည်။

ဤစီမံကိန်းသည်ရခိုင်ပြည်နယ်ရှိ ပညာရေးကဏ္ဍအား မြှင့်တင်ရန်၊ သင်ကြားရေး ပစ္စည်းများအား အဆင့်မြှင့်တင်ရန်နှင့် စာအုပ် များ၊ စာအုပ်စင်များစသည်တို့ပံ့ ပိုးပေးခြင်းအပါအဝင် အရည်အသွေးပြည့်ဝသော စာကြည့်တိုက်ဆိုင်ရာ အခြေခံအဆောက် အအုံတဆင့် အရည်အသွေးပြည့်ဝသော သင်ယူမှုပတ်ဝန်းကျင်ပံ့ပိုးပေး ရန်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ တွင် နားလည်မှုစာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုနားလည်မှုစာချွန်လွှာအရ ရခိုင်ပြည်နယ် လူမှုစီးပွား ဖွံ့ဖြိုးတိုး တက်ရေးအတွက် အိန္ဒိယနိုင်ငံအစိုးရသည် ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ (၂၅) သန်းကူညီထောက်ပံ့မည် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေရပ်စွန့်ခွာ သွားကြရသူများအတွက်အသင့် ဆောက်လုပ်နိုင်သောအိမ် (၂၅၀)ကို ဆောက်လုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်တွင် မြန်မာ နိုင်ငံအစိုးရသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။ ယခုနှစ်ဖေဖော်ဝါရီလ အတွင်း သမ္မတ ဦးဝင်းမြင့်၏ အိန္ဒိယနိုင်ငံ ခရီးစဉ်အတွင်း ရခိုင်ပြည်နယ် ့ရှိလူမှုစီးပွား ရေးစီမံကိန်းများအတွက် နောက်ထပ် သဘောတူညီချက် များကို လက်မှတ်ရေးထိုးခဲ့သည်။

ဤစီမံကိန်းသဘောတူညီချက်သည် မြန်မာနိုင်ငံတွင်JICA မှတည်ဆောက်ခဲ့သည့် ကျောင်းများတွင် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးရန် အိန္ဒိယနိုင်ငံ၏ရန်ပုံငွေကိုအသုံးပြုမည့်ပထမဆုံးသောစီမံကိန်းဖြစ်သည်။ ဤသည်မှာ နှစ်နိုင်ငံအကြားညှိနှိုင်း ဆောင်ရွက်မှု နှင့်အတူ မြန်မာနိုင်ငံဘက်နှင့်ဆွေးနွေးမှုများ၏ရလဒ်ဖြစ်သည်။

အိန္ဒိယနိုင်ငံသံရုံး၊ ရန်ကုန်မြို့။
နေ့စွဲ။ ၂၀၂၀ခုနှစ်၊ဩဂုတ်လ (၃၁)ရက်။